ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ကျပ် K 50

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၅၀ကျပ် K 150

ရေ ကြည် မြို့နယ် တ ရား ရုံး

၂၀၁၇ခုနှစ်၊ [illegible] ဘာလ ( ၂၂ )ရက်

၂၀၁၅ခုနှစ်၊ တရားမကြီး မှုအမှတ် (၆၂)

ဦးစိုးဝင်း(ခ)ဦးမောင်စိုး နှင့် ဦးသိန်းဇော်

တရားလိုအတွက် - တရားလွှတ်တော်ရှေ့နေဦးကျော်ဇေယျာ၊အထက်တန်းရှေ့နေ ဦးဝင်းသိန်း

တရားပြိုင်အတွက် - တရားလွှတ်တော်ရှေ့နေ ဦးစိုးသန်း

စီ ရင် ချက်

အမှုမှာရေကြည်မြို့နယ်၊ငါးသိုင်းချောင်းမြို့၊မြို့မရပ်ကွက်၊ဗိုလ်ချုပ်နေဝင်းလမ်း၊အမှတ်(၁၉)နေဦးစိုးဝင်း(ခ)ဦးမောင်စိုးမှသာပေါင်းမြို့နယ်၊သရက်တောကျေးရွာအုပ်စု၊ရေလဲကြီးကျေးရွာနေ ဦးသိန်းဇော်အပေါ်စိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀)ကျပ်ရလိုမှုစွဲဆိုခြင်းဖြစ်သည်။

အဆိုလွှာတွင်တရားလိုသည် စည်သူထွန်း အမည်ဖြင့်ပဲမျိုးစုံရောင်းဝယ်ရေးနှင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း၊တရားပြိုင် မှာတရားလိုထံမှစိုက်ပျိုးရေးသုံးဆေးပစ္စည်းများယူပြီးတစ်ဆင့်ပြန်လည်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်ရင်းနှီးကြောင်း၊၂၀၁၃/ ၂၀၁၄စိုက်ပျိုးရေးရာသီတွင်တရားပြိုင်သည်တရားလိုထံတွင်စိုက်ပျိုးရေးသုံးဆေးများ၊မြေဩဇာများကိုအလီလီအကြွေးဝယ်ခဲ့ရာ(၂၈-၁၀-၂၀၁၄)အထိတရားပြိုင်မှ တရားလိုအားစိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀)ပေးရန်ကျန်ရှိခဲ့ကြောင်း၊တရားလိုနှင့်တရားပြိုင်တို့စာရင်းရှင်းလင်းပြီး(၂၈-၁၀-၂၀၁၄)နေ့တွင်တရားပြိုင်ကတရားလိုသို့ငွေ(၇၇၄၄၀၀၀)ကျပ်ပေးရန်ရှိကြောင်းဝန်ခံကတိပြုသည့်အပြင်၎င်းငွေကိုလည်း(၂၅-၁၂-၂၀၁၅)နေ့တွင်အကျေပေးဆပ်ပါမည်ဟုဝန်ခံကတိပြုသဖြင့်အသိသက်သေများဖြစ်သောဦးအောင်ပြည့်စုံ၊ဦးအေးမင်းစိုးနှင့်အခြားသက်သေများရှေ့တွင်စာချုပ်ချုပ်ဆို၍တရားပြိုင်ကလက်မှတ်ရေးထိုးလက်ဗွေနှိပ်ပေးခဲ့ကြောင်း ၊စာချုပ်ပါရက်ချိန်းစေ့သောနေ့တွင်တရားပြိုင်မှ ပေးဆပ် ခြင်းမရှိ၍တောင်းရာရက်ချိန်းအမျိုးမျိုးသာချိန်းဆို၍ပေးဆပ်ခြင်းမရှိကြောင်း၊တရားလို၏ရှေ့နေမှတရားပြိုင်ထံအကြောင်းကြားစာပေးပို့ခဲ့သော်လည်းတရားပြိုင်မှတစ်စုံတစ်ရာအကြောင်းပြန်ကြားခြင်းမရှိသဖြင့်တရားစွဲဆိုကြောင်းအဆိုပြုဖော်ပြထားသည် ။

တရားပြိုင်မှပြင်ဆင်ချေလွှာတွင်တရားပြိုင်သည်တရားလိုထံမှစိုက်ပျိုးရေးသုံးဆေးပစ္စည်းများယူပြီးတစ်ဆင့်ပြန်လည်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိကြောင်း

စိုက်ပျိုးရေးသုံးဆေးများ၊မြေသြဇာများအသုံးပြုလိုသူတောင်သူများနှင့်တရားလိုအားဆက်သွယ်ပေးပြီး၊တရားပြိုင်မှတရားလိုရောင်းချထားသောတောင်သူများထံသို့ သီးနှံပေါ်ချိန်တွင်ကြွေးတောင်းပေးခဲ့ရပြီးကြွေးတောင်း၍ရသည့်ငွေပေါ်တွင်ပစ္စည်းအမျိုးအစားအလိုက်တရားပြိုင်အတွက်ခံစားခွင့်အကျိုးအမြတ်များတရားလိုမှပေးခဲ့၍တရားလို၏ပစ္စည်းများရောင်းချနိုင်ရန်အတွက်ဆောင်ရွက်ပေးခဲ့ရပြီးတရားလိုမှတင်ပို့သောပစ္စည်းများကိုလည်းတောင်သူများထံရောင်းချပေးခဲ့ကြောင်း၊၂၀၁၄ခုနှစ်သီးနှံပေါ်ချိန်တွင်(၂၀၁၃)ခုနှစ်ကတောင်သူများယူထားသောစိုက်ပျိုးရေးသုံးပစ္စည်းဘိုးငွေများကိုတရားပြိုင်မှလိုက်၍တောင်းပေးခဲ့ရပြီးအချို့မှပေးဆပ်နိုင်မှုမရှိ၍ကြွေးကျန်နေခဲ့ပြီး၊ကြွေးကျေသူများနှင့်အခြားသူများကိုထပ်မံရောင်းချခဲ့သဖြင့် တောင်သူများထံတွင်(၂၈-၁၀-၂၀၁၄)ရက်နေ့အထိ(၇၇၄၄၀၀၀)ကျပ်ကြွေးကျန်ရှိပြီးတရားပြိုင်ထံတွင်ကြွေးကျန်ခြင်းမဟုတ်ကြောင်း၊တောင်သူများထံသီးနှံပေါ်ချိန်တွင်တရားပြိုင်မှတောင်းပေးရန်အတွက်စာချုပ်တွင်လက်မှတ်ထိုးခဲ့ခြင်းသာဖြစ်ပြီးမည်သည့်သက်သေမှမရှိဘဲတောင်သူများထံစာချုပ်ပြတောင်းဆိုနိုင်ရန်ဟန်ဆောင်စာချုပ်ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊တရားလို၏အကျိုးဆောင်မှပေးပို့သောအကြောင်းကြားစာအရတရားလိုထံသို့ တရားပြိုင်ကိုယ်တိုင်သွားရောက်ပြီးပေးရန်ကျန်ရှိသောငွေ(၇၇၄၄၀၀၀)အတွက်တောင်သူများအသုံးမပြုသောပစ္စည်းများကိုတရားလိုထံပြန်လည်ပေးပို့ခဲ့ခြင်းနှင့်တောင်သူထံမှစပါးခြွေလှေ့စက်နှင့်ဂွန်ဒေါင်းတစ်စီးတို့ကိုအကြွေးဖြင့်သိမ်းယူ၍တရားလိုအားအပ်နှံထားမှုများရှိ၍စာရင်းထပ်မံရှင်းလင်းပေးရန်ပြောဆိုခဲ့သော်လည်းတရားလိုမှရှင်းလင်းပေးခဲ့ခြင်းမရှိကြောင်း၊တရားပြိုင်သည်တရားလိုထံမှကော်မရှင်စနစ်ဖြင့်ယူ၍တရားလို၏ကိုယ်စားရောင်းချပေးခဲ့ကြောင်း၊၂၀၁၃ခုနှစ်ဒီဇင်ဘာလမှစတင်၍တောင်သူတစ်ဦးချင်းလိုချင်သည့်ပစ္စည်းများကိုတရားလိုထံမှတောင်သူကိုယ်တိုင်သော်လည်းကောင်း၊အမှာစာဖြင့်သော်လည်းကောင်းမှာယူ၍ရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း၊စာရင်းများရှင်းလင်းကြရာ(၇၇၄၄၀၀၀)ပေးရန်ပေါ်ပေါက်နေခဲ့ပြီး၊ထိုငွေများကိုတောင်သူများထံမှတောင်းရမ်းပေးရန်သဘောတူခဲ့ကြောင်း၊တောင်သူများမသုံးစွဲသည့်ဆေးပစ္စည်းများကိုပြန်လည်သိမ်းယူ၍တရားလိုထံသို့ ပစ္စည်းအမယ်စုစုပေါင်း(၄၀)ကိုပြန်လည်ပေးပို့ရာစုစုပေါင်းငွေ(၄၇၅၅၁၆၀၀)ဘိုးတရားလိုသို့ပြန်လည်ပေးသွင်းခဲ့ကြောင်း၊ထို့ပြင်ကျန်ရှိသောကြွေးများအတွက်ရိတ်သိမ်းစက်တစ်လုံး၊ဂွန်ဒေါင်းစက်တစ်လုံးတို့ကိုကာလတန်ကြေး(၁၆)သိန်းဖြင့်၁၃၇၇ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်(၁-၈-၂၀၁၅)တွင်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊တရားပြိုင်သည်(၂၈-၁၀-၂၀၁၄)ရက်စွဲပါစာချုပ်အရတရားလိုအားပေးသွင်းထားမှုကိုစာရင်းမရှင်းရသေးသဖြင့်တရားလိုနှင့်တရားပြိုင်သည်အကျိုးတူလုပ်ငန်းလုပ်ကိုင်သူများဖြစ်၍စာရင်းရှင်းလင်းမှုမရှိဘဲယခုကဲ့သို့စွဲဆိုနိုင်ခွင့်မရှိပါကြောင်းချေပဖော်ပြသည် ။

အဆိုအချေများအရအောက်ပါရုံးငြင်းချက်များအားထုတ်နုတ်စစ်ဆေးခဲ့သည် ။

(၁)တရားပြိုင်သည်တရားလိုထံမှစိုက်ပျိုးရေးသုံးပစ္စည်းများကိုအကြွေးဝယ်ယူခဲ့သည်မှာမှန်သလား။ (သို့ မဟုတ်)

တရားမကြီး၆၂/၂၀၁၆
စီရင်ချက်

တရားလိုနှင့်တရားပြိုင်တို့ သည်စိုက်ပျိုးရေးသုံးဆေးပစ္စည်း၊မြေဩဇာများကိုတောင်သူများထံရောင်းချရာတွင်အကျိုးတူလုပ်ကိုင်ကြခြင်းဖြစ်သည်မှာမှန်သလား။

(၂)တရားပြိုင်သည်တရားလိုအားစိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀ိ)ပေးဆပ်ရမည်မှာမှန်သလား။

(၃)တရားလိုသည်မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း ။

ရုံးငြင်းချက်(၁)

ရုံးငြင်းချက်(၁)နှင့်ပက်သက်၍နှစ်ဘက်သက်သေထွက်ဆိုချက်များအရတရားပြိုင်သည်တရားလိုထံမှစိုက်ပျိုးရေးသုံးဆေးပစ္စည်းများနှင့်ဓါတ်မြေဩဇာများကိုယူ၍တောင်သူများကိုရောင်းချခဲ့ကြောင်း၊ထိုသို့ရောင်းချရန်ယူသည့်ပစ္စည်းများအတွက်တရားလိုအားငွေပေးဆပ်ရန်ကြွေးကျန်ရှိကြောင်းအငြင်းမပွားဘဲတရားပြိုင်ကထိုသို့ယူခြင်းမှာတရားလိုနှင့်တရားပြိုင်တို့ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်၊ကော်မရှင်စားဖြင့်ယူသည်ဟုချေပတင်ပြသည်၊တရားလိုမှလည်းအကျိုးတူလုပ်ခြင်းမဟုတ်ကြောင်း၊တရားပြိုင်မှပစ္စည်းများကိုတောင်သူများထံယူရောင်းရာတွင်တရားပြိုင်အားကော်မရှင်ခပေးခဲ့ကြောင်း၊သူရသူယူ၊ကိုယ်ရကိုယ်ယူ၊ဖြစ်ပြီးဓါတ်မြေဩဇာများကတရားပြိုင်ကငှင်းဘာသာအမြတ်တင်ရောင်းချကြောင်းထွက်ဆိုခဲ့သည်၊သို့ဖြစ်ရာအကျိုးတူလုပ်ကိုင်ခြင်းဖြစ်ပါကအရင်းငွေမည်မျှအပေါ်၊မည်သည့်ပစ္စည်းအပေါ် အကျိုးအမြတ်ကိုညီတူခွဲဝေခြင်း၊သို့ မဟုတ်၊အရင်းကိုမည်သူကစိုက်ထုတ်ကာမည်သို့ သောအကျိုးအမြတ်အပေါ်မည်ခွဲဝေယူခြင်းဖြစ်ကြောင်းအကျိုးတူလုပ်ကိုင်သည်ဆိုသူတရားပြိုင်မှသက်သေပြရန်တာဝန်ကျရောက်သည်၊အကျိုးတူလုပ်ကိုင်မည်ဆိုပါကရရန်ရှိသည့်တောင်သူများအမည်စာရင်း၊ငွေစာရင်း၊ပစ္စည်းစာရင်းများကိုတရားလို၊တရားပြိုင်တို့ အတူစာရင်းပြုစုဆောင်ရွက်ရန်အကြောင်းလည်းရှိမည်ဖြစ်ပြီး၊ယခုကဲ့ သို့ တရားပြိုင်မှတရားလိုအားငွေ(၇၇၄၄၀၀၀ိ)ပေးရန်ရှိကြောင်းဝန်ခံကတိစာချုပ်ချုပ်ဆိုရန်အကြောင်းလည်းရှိမည်မဟုတ်ပေ၊ထိုစာချုပ်ကိုတောင်သူများထံအကြွေးတောင်းရာတွင်စာချုပ်ပြတောင်းဆိုရန်ဟန်ဆောင်ချုပ်ဆိုသည်ဟုချေလွှာတွင်ချေပထားသော်လည်းရရန်ရှိသည့်တောင်သူများထံပြသရန်မလိုသဖြင့်တရားပြိုင်မှပြသခဲ့ကြောင်းလည်းအမှုတွင်မပေါ်ပေါက်ပေ၊ရောင်းသူနှင့် ဝယ်သူကြားတွင်ကော်မရှင်ခခံစားရရှိခြင်းရောင်းသူကကော်မရှင်ခပေးကာဝယ်သူကထပ်ဆင့်ရောင်းချခြင်း၊အလေ့ အထများရှိပြီးထိုသို့ကော်မရှင်ခကိုတရားလိုကတရားပြိုင်အားခံစားခွင့်ပေးယုံမျှဖြင့်တရားပြိုင်ကတရားလိုထံမှဝယ်ယူခဲ့သောပစ္စည်းများအတွက်တရားပြိုင်တွင်တာဝန်မရှိပါဟုငြင်းဆိုနိုင်မည်မဟုတ်ပေ၊တရားပြိုင်အနေဖြင့်တရားလိုထံမှစိုက်ပျိုးရေးသုံးဆေးပစ္စည်းများနှင့်ဓါတ်မြေဩဇာများကိုအကြွေးဝယ်ယူရာတွင်အကျိုးတူလုပ်ကိုင်သည်ဟုပေါ်ပေါက်ခြင်းမရှိသဖြင့်ရုံးငြင်းချက်(၁)ဖြစ်သည့်တရားပြိုင်သည်တရားလိုထံမှစိုက်ပျိုးရေးသုံးပစ္စည်းများကိုအကြွေးဝယ်ယူခဲ့သည်မှာမှန်သလားဆိုသည်မှာမှန်ကြောင်းတရားလိုနှင့်တရားပြိုင်တို့ သည်စိုက်ပျိုးရေးသုံးဆေးပစ္စည်း၊မြေဩဇာများကိုတောင်သူများထံရောင်းချရာတွင်အကျိုးတူလုပ်ကိုင်ကြခြင်းဖြစ်

စီရင်ချက်

သည်မှာမှန်သလားဆိုခြင်းအားမမှန်ကြောင်းဖြေဆိုလိုက်သည်။

ရုံးငြင်းချက်(၂)

ရုံးငြင်းချက်(၂)နှင့်ပက်သက်၍တရားပြိုင်မှငြင်းဆိုသည်မှာတရားလိုထံတရားပြိုင်မှငွေပေးရန်ဝန်ခံကတိစာချုပ်ကိုချုပ်ဆိုခဲ့သည့်(၂၈-၁၀-၂၀၁၄)ရက်နေ့နောက်ပိုင်းတွင်(၂၈-၂-၁၀၁၅)ရက်နေ့တွင်ပစ္စည်းအမယ်စုစုပေါင်း(၄၀)ကိုပြန်လည်ပေးပို့ရာငွေ(၄၇၅၅၁၆ဝိ)ကျန်ရှိသည့်အကြွေးအတွက်(၁-၈-၂၀၁၅)ရက်နေ့တွင်ရိတ်သိမ်းခြွေလှေ့စက်တစ်လုံး၊ဂွန်ဒေါင်းစက်တစ်လုံး၊ကိုတန်ကြေး(၃၆)သိန်းကျပ်ဖြင့်ပေးသွင်းခဲ့သည်ဟုချေပထွက်ဆိုခဲ့သည်၊တရားပြိုင်တင်ပြသည့်ထိုငွေနှစ်ရပ်ပေါင်းလျှင်(၈၃၅၅၁၆ဝိ)ရရှိပြီး၊ဝန်ခံကတိစာချုပ်ပါပေးရန်ငွေ(၇၇၄၄၀၀ဝိ)ထက်(၆၁၁၁၆ဝိ)ပိုနေသည်ကိုတွေ့ရသဖြင့်တရားပြိုင်မှတရားလိုအားပေးရန်ရှိငွေထက်ပိုပေးသည်ဆိုခြင်းမှာသဘာဝမကျသည့်အချက်ဖြစ်သည်၊တရားပြိုင်မှသက်သေခံ(၁)မှ(၁-ဃ)အထိဘောက်ချာများအရဝန်ခံကတိစာချုပ်ချုပ်ပြီးနောက်ပိုင်းဖြစ်သည့်(၂၈-၂-၂၀၁၅)ရက်စွဲဖြင့်(၄၇၅၅၁၆ဝိ)နှင့်(၁-၈-၂၀၁၅)ရက်နေ့တွင်ခြွေလှေ့စက်နှင့်ဂွန်ဒေါင်းအားတန်ဘိုး(၃၆)သိန်းကျပ်ဖြင့်ပေးသွင်းခဲ့သည်ဟုတင်ပြသည်၊ထိုသို့ပေးသွင်းထားသဖြင့်ပေးရန်ငွေမကျန်ရှိတော့ချေပရာတရားလိုမှလည်းထိုသို့မဟုတ်ကြောင်း၊ဘောက်ချာဖြင့်ပေးသွင်းထားပြီးသော်လည်းစာရင်းရှင်းလင်းပြီးငွေပေးရန်ကျန်ရှိနေကြောင်းငြင်းဆိုသည်၊တရားပြိုင်ကိုစစ်ဆေးသည့်အခါတွင်သက်သေခံ(က)ဝန်ခံကတိစာချုပ်တွင်ကျန်သည့်ပစ္စည်းများအားပြန်ပေးရမည်ဖြစ်ကြောင်းမပါရှိဆိုလျှင်မှန်ပါသည်ဟုဖြေဆိုထားသည်၊တရားလိုမှထိုသို့(၂-၈-၂၀၁၅)ရက်စွဲဖြင့်ငွေ(၄၇၅၅၁၆ဝိ)နှင့်ခြွေလှေ့စက်နှင့်ဂွန်ဒေါင်းစက်ငွေ(၃၆)သိန်းကျပ်နောက်ပိုင်း၊၂၀၁၆ခုနှစ်၊(၂)လပိုင်းတွင်သက်သေခံ(က)ပါကျန်ငွေ(၇၇၄၄၀၀ဝိ)အားအောင်ပြည့်စုံ၊အေးမင်းစိုး ၊ပြည့်ဖြိုးအောင်တို့နှင့်တရားပြိုင်ထံအကြွေးသွားတောင်းခဲ့ကြောင်းပေါ်ပေါက်သည်၊ထိုစဉ်ကတရားပြိုင်မှ၎င်းတို့အားစပါးပေါ်လျှင်ယူရန်၊သို့မဟုတ်ပါကနေအိမ်အားခုနှိမ်ယူရန်ပြောဆိုခဲ့သည်ဆိုလျှင်၎င်းတို့ကိုပြောခြင်းမဟုတ်ပါ၊တရားလိုအားပြောခဲ့ခြင်းဖြစ်ပါသည်၊(၃)လပိုင်းကျော်မှကြွေးများကြာ၍ပြောသည့်အတွက်ပြန်ပြောလိုက်ခြင်းဖြစ်ပါသည်ဟုတရားပြိုင်အားပြန်လှန်စစ်မေးချက်တွင်ဖြေဆိုထားသည်၊သို့ဖြစ်ရာတရားပြိုင်သည်၂၀၁၆ခုနှစ်၊(၃)လပိုင်းကျော်သည်အထိတရားလိုအားငွေပေးရန်ကျန်ရှိနေသေးကြောင်းပေါ်ပေါက်သည်၊ခြွေလှေ့စက်၊ဂွန်ဒေါင်းတန်ဘိုးအား(၃၆)သိန်းကျပ်ပေးသွင်းသည်ဟုချေလွှာအရချေပသော်လည်းတရားပြိုင်၏ထွက်ချက်အရလည်းကောင်း၊ဦးအောင်ဇော်ဦး(လိုပြ-၅)၏ထွက်ချက်အရလည်းကောင်းဦးအောင်ဇော်ဦးထံတွင်တရားလိုရရန်ရှိသည့်ငွေ(၁၃)သိန်း၊တရားပြိုင်ရရန်ရှိသည့်ငွေ(၂၃)သိန်းအတွက်ခုနှိမ်ယူခဲ့ကြောင်း၊ထိုသို့ယူခဲ့သည့်ရက်မှာ(၂၀၁၄)ခုနှစ်(၄)လပိုင်းဖြစ်ကြောင်းပေါ်ပေါက်ရာတရားပြိုင်နှင့်တရားလိုတို့ဝန်ခံကတိစာချုပ်(သက်သေခံက)ချုပ်ဆိုသည့်ရက်(၂၈-၁၀-၂၀-၁၄)၏ရှေ့ပိုင်းကာလတွင်ရှင်းလင်းဆောင်ရွက်ကြသည့်

တရားမကြီး၆၂/၂၀၁၆ -၅-

စီရင်ချက်

ကိစ္စသာဖြစ်၍တရားလိုစွဲဆိုသည့်ငွေ(၇၇၄၄၀၀၀ိ)မှနှုတ်ပါယ်ရန်အကြောင်းမမြင်ပေ၊သက်သေခံ(၁)မှ(၁-ဃ)ထိဘောက်ချာပါငွေမှာလည်းချေလွှာပါအတိုင်း(၄၇၆၆၁၆၀ိ)မဟုတ်ဘဲ(၄၇၁၃၁၆၀ိ)ဖြစ်သည်ဆိုလျှင်တရားပြိုင်မှကျွန်တော်ပေါင်းသည့်စာရင်းမှားချင်မှားမည်ဖြစ်ပါသည်ဟုဖြေဆိုကာစာရင်းအရလည်း(၄၇၁၃၁၆၀ိ)ဖြစ်ကြောင်းတွေ့ရသည်။

ခြုံငုံသုံးသပ်ပါကတရားပြိုင်သည်ခြွေလှေ့စက်နှင့်ဂွန်ဒေါင်းစက်ဘိုး(၃၆)သိန်းကျပ်မှာဦးအောင်ဇော်ဦးထံမှတရားလိုနှင့်တရားပြိုင်တို့ရရန်ရှိသည့်ငွေအတွက်စာရင်းရှင်းခဲ့ကြခြင်းဖြစ်ပြီး၀န်ခံကတိစာချုပ်မတိုင်မီကာလကရှင်းလင်းပြသည့်ငွေများသာဖြစ်ပြီးဘောက်ချာအရစာချုပ်ချုပ်ပြီးနောက်ပိုင်းပေးသွင်းခဲ့သည့်ပစ္စည်းများမှာလည်းစာချုပ်ချုပ်သည့်အထဲတွင်မပါသည့်ရောင်းရန်ကျန်သည့်ပစ္စည်းများအား၊စာရင်းရှင်းလင်းထားသည့်စာချုပ်ပါငွေနှင့်မသက်ဆိုင်ဘဲကျန်သည့်ပစ္စည်းများကိုစာချုပ်နောက်ပိုင်းပြန်ပေးသွင်းခဲ့ခြင်းသာဖြစ်ကြောင်းသုံးသပ်ရရှိသည်။

သို့ဖြစ်၍ ရုံးငြင်းချက်(၂)ဖြစ်သည့်တရားပြိုင်သည်တရားလိုအားစိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀ိ)ပေးဆပ်ရမည်မှာမှန်သလားဆိုသည်မှာမှန်ကြောင်းရုံးငြင်းချက်(၂)အားဖြေဆိုလိုက်သည်။

ရုံးငြင်းချက်(၃)

ဖြေဆိုပြီးရုံးငြင်းချက်များအရတရားလိုသည်တရားပြိုင်ထံမစိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀ိ)အားတောင်းဆိုသည့်အတိုင်းရထိုက်ကြောင်းရုံးငြင်းချက်(၃)အားဖြေဆိုလိုက်သည်။

သို့ဖြစ်၍ သာပေါင်းမြို့နယ်၊သရက်တောကျေးရွာအုပ်စု၊ရေလဲကြီးကျေးရွာနေဦးသိန်းဇော်မရေကြည်မြို့နယ်၊ငါးသိုင်းချောင်းမြို့၊မြို့မရပ်ကွက်၊ဗိုလ်ချုပ်နေဝင်းလမ်း ၊အမှတ်(၁၉)နေဦးစိုးဝင်း(ခ)ဦးမောင်စိုးအားစိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေ(၇၇၄၄၀၀၀ိ)(ကျပ်ခုနစ်ဆယ့်ခုနစ်သိန်းလေးသောင်းလေးထောင်)အားစရိတ်နှင့်တကွပေးဆပ်စေ။

ရှေ့နေခ (၅၀၀၀ိ)သတ်မှတ်သည်။

မောင်...(တ/၂၇၈၇)
မြို့နယ်တရားသူကြီး
...မြို့နယ်တရားရုံး